နိုးနိုးတာငပ

# ဘကြာဥပြင်ဝေါက်
# တစ်ရှက် အရှက်မရှိ



ဆိုကြပါစို့ဗျာ။

ခင်ဗျားသာ ဘောလုံးသမားတစ်ယောက်။ ဒါမှ မဟုတ် အား ကစား ဝါသနာအိုး၊ ဒါမှ မဟုတ် လောင်းကစားဝါသနာပါတယ်ပဲ ထား ပါတော့ ။

ကိုယ်ပါဝင်တဲ့ အသင်း ကိုယ်ကစားတဲ့ အသင်း ဒါမှ မဟုတ်၊ ကိုယ် လောင်းထားတဲ့ အသင်း တစ်ဖက်ကို ဂိုးသွင်းလိုက်တယ်ဆိုပါ တော့။

''တစ်ဂိုး၊ ဂိုးမရှိပေ့ါဗျာ၊ ကဲ ဘယ်သူနိုင်လဲ''

ဂိုးသွင်းတဲ့ အသင်း နိုင်တာပေ့ါ ဟုတ်ဖူးလား။

ဒါမှ မဟုတ်လဲ ဘော်လီဘော၊ ဘက်(စ်)ကက်ဘော၊ ပိုက်ကျော် ခြင်း ပေ့ါဗျာ။ စသည် ဖြင့်ပေ့ါ တစ်မှတ်၊ အမှတ်မရှိဆို ဘယ်သူနိုင်မလဲ။

အမှတ်ရတဲ့ သူ အနိုင်ပေ့ါ။

အဲ အားကစားထဲမှာ ဂေါက်သီးကျတစ်မျိုးဗျ။

ပြိုင်ဖက်အားကစားသမားထက်ကို ရိုက်ချက်လျော့ရိုက်နိုင် ရင် အနိုင်ရတယ်။ ဆိုကြပါတော့ဗျာ။ တစ်ဖက်အားကစားသမားက ရှစ်ချက် ရိုက်ထားတယ်ဆိုပါတော့။ ကိုယ်က ခုနစ်ချက်တည်းနဲ့ ရိုက် နိုင်ရင် ကိုယ်အနိုင်ပါပဲ။

ဒီလိုပါပဲ။

လူမှုရေးနယ်ပယ်မှာ လဲ ကျွန်တော့်ခေါင်းစဉ်အတိုင်းပါပဲ။

''တစ်ရက်၊ အရက်မရှိ''

ဆိုရင် ဘယ်သူနိုင်မယ်ထင်လဲ။

မယုံရင် လူလည်ကောင် နပန်းလုံးကြည့်။ ခင်ဗျားက နပန်း လုံးရင်း လုံချည်ကျွတ်ပြီး ရှက်ရွံ့ပြန်ကောက်ဝတ်တယ်ထား၊ တစ်ဖက် လူက ခင်ဗျားကို သမပြီသာမှတ်။

ဘာလို့ လဲဆိုတော့ လုံချည်ကျွတ်တာချင်းအတူတူ တစ်ဖက် လူက ပြန်မဝတ်ဘဲ တစ်ရက်ကြောင့် လုံချည်ပြန်ကုံးကောက်နေတဲ့ ခင်ဗျားကို တစ်ရက်၊ အရက်မရှိနဲ့ နိုင်လို့ ကို သမတာပါပဲ။

ဂေါက်သီးရိုက်တာလဲ ဒီအတိုင်းပဲ။ သူများ ထက်အမှတ်နည်း အောင် ရိုက်ရတာ ။ ဒါကြောင့် လူကြီးတွေ သူဌေးတွေက ဒီကစား နည်းကို က စားတာထင်တယ်။

လူမှုရေးမှာ လဲ ဒီအတိုင်းပါပဲ။

ခင်ဗျားက ကောင်မလေးတစ်ယောက်ကို ချစ်စကားပြောဖို့ ရှက်နေ တယ်ဆိုပါတော့။ အရက်မရှိတဲ့ ကောင်တစ်ကောင်က လက်ရဲ ဇက်ရဲနဲ့ ဝင်ကြောင်သွားလို့ ကတော့ ခင်ဗျားခံရဖို့ သာပြင်ပေတော့။

တချို့ကလဲ ဆိုကြပြန်ပါတယ်။

''ဟေ့ တို့ ကတော့ အရက်နဲ့ လူလုပ်တာဟေ့''

မှန်ပါတယ်။ အဲ ဒါပေမယ့် ခင်ဗျားမိန်းမက လူလည်ကောင် အော်ကြီးဟစ်ကျယ်နဲ့ အရက်မရှိ အော်ဆဲနေတယ်ဆိုရင် ခင်ဗျား ဘာလု

ပ်မှာ လဲ။

''ဟော့ တို့ ကတော့ အရှက်နဲ့ လူလုပ်တာဟော့''

ဆိုပြီး ငြိမ်ခံနေမှာ လား၊ ဒါမှ မဟုတ်

''အေး နင်က ဒါဆိုရင် ငါလဲဒါပဲ''

ဆိုပြီး လုံချည်ပြင်ဝတ်ပြီး နပန်းလုံးမှာ လား။ အဲသည် လိုမှ ပြန်မလုပ်ရင် ခင်ဗျားရဲ့ တစ်သက်လုံးထမ်းလာတဲ့ အရှက်အိုး ဖြန်း ခနဲကွဲပြီး

''တစ်ရှက်၊ အရှက်မရှိ''

နဲ့ ခံရပြီသာမှတ်။

*

ခင်ဗျားတို့ လဲ သိတော်မူကြတဲ့ အတိုင်းပါပဲ။

အရှက်ဆိုတာမျိုးက ကွဲပြီးရင် ပြန်ဆက်လို့ ရတာ မဟုတ် ဘူးလေ။

ဆိုပါစို့။ ခင်ဗျားတို့ အမြတ်တနိုးထားတဲ့ အိုးတစ်လုံးကျကွဲ သွားမယ်ဆိုရင်တောင် ကြေုရာကော်တစ်မျိုးမျိုးနဲ့ ပြန်ဆက်လို့ ရကောင်း ရမယ်။ အရှက်အိုးသာ ဖြန်းခနဲကွဲသွားလို့ ကတော့ ဘာနဲ့ မှ ပြန်ဆက်လို့ ရနိုင်မယ်မထင်ဘူး။ ကွဲပြီးသွားပြီလေ။

''ဟိုတစ်နေ့က ဒီကောင့်ကိုပေ့ါ၊ လက်ဖက်ရည်ဆိုင်ထဲမှာ သူ့မိန်းမအကြီးအကျယ်ဝင်ဆဲသွားတာ''

ဘယ်လိုပြန်ရှင်းပြ၊ ရှင်းပြ၊ ဘယ်သူပဲမှန်မှန် အရှက်မရှိသူ က နိုင်ပြီ

ပဲ။ ခင်ဗျားလဲ

''တစ်ရှက်၊ အရှက်မရှိ''

နဲ့ ရှုံးရပြီပဲ။

အမှန်တရားကို နောက်မှ ထား။ အရင်အရှက်ကွဲရတာ ကိုယ် ပဲမဟုတ်လား။

ဒါကြောင့် လောကကြီးမှာ လူတစ်ယောက်အဖြစ် ရပ်တည် နိုင်ဖို့ ဆိုရင် ရံဖန်ရံခါ အရှက်မရှိဖို့ လဲ လိုအပ်ပါတယ်။ ဒါမှ ကိုယ်က သူများ နဲ့ ယှဉ်ပြိုင်တဲ့ အခါ အရှက်မရှိဘဲ ရဲရဲတင်းတင်း အနိုင်ယူနိုင် မယ်မဟုတ်ပါလား။

*

ဒီဇာတ်လမ်းရဲ့ အစမှာ ကျွန်တော်ရှင်းပြနေရတာ ဒီလိုပါ။

ကျွန်တော့်ဝတ္ထု ဖတ်နေကျပရိသတ်ဆိုရင် မှတ်မိမှာ ပါ။

ဝါရင့်အရောင်းထိုင်း၊ အန္တိမအမွှဝတ္ထုမှာ ဝကြီးရဲ့ ယောက္ခမ ဒေါ်ခြူ ကြီးသေဆုံးသွားတာကို ကျွန်တော်ရေးမိပါတယ်။

အဲဒီ မှာ အဲဒီ ဝတ္ထုကို ရေးလိုက်တာကို သိပ်ရယ်ရလို့ ဆိုပြီး ဝကြီးဇ နီးဇာကြီးက ဝကြီးကို နှစ်နှစ်ကြာမှ နိုင်ငံခြားကပြန် လာပြီး ကွာရှင်းခွင့် တောင်းပါတော့တယ်။ ဘာလို့ လဲဆိုတော့ ဝကြီးရဲ့ ပြောပြ ချက်ကို ကျွန်တော်ရေးလိုက်တာ သူ့အမေသေတာကို ပရိသတ်များ ဒီလောက် ရယ်ရမလားဆိုပြီး မခံနိုင်လို့ ကွာရှင်းခွင့်တောင်းတာပါ။

ပရိသတ်အနေနဲ့ စဉ်းစားကြည့်ပါ။

ဟာသဝတ္ထုဆိုတာ ရေးရသိပ်ခက်ပါတယ်။ လူတွေကို ရယ် ရအောင် ရေးပြဖို့ ဆိုတာ အတော်မလွယ်တဲ့ ကိစ္စပါ။ ဒါကြောင့် ဝတ္ထု ရေးဆရာ အတော်များများ လက်ရှောင်ကြပါတယ်။ အဲဒီ ထဲကမှ လူ တစ်ယောက် သေတာကို ရယ်ရအောင်ရေးဖို့ ဆိုတာ အင်မတန်မလွယ် တဲ့ ကိစ္စ။ အခ က်ဆုံးကိစ္စပါပဲ။ အဲဒါကိုမှ ကျွန်တော် အတော့်ကို မျက် ရည်တဝိုင်းဝိုင်း နဲ့ ကြိုးစားပန်းစား ရေးခဲ့ပါတယ်။ စဉ်းစားကြည့်ပါ။ ကျွန်တော့်အတွက် ဒါဟာ အကြီးမားဆုံး အခက်အခဲတစ်ခုပါပဲ။ လူ သေတာကို ရယ်ရအော င်ရေးဖို့ ဘယ်လိုဖြစ်နိုင်မှာ လဲ။

ဒါပေမယ့် ကျွန်တော်အောင်မြင်ခဲ့ပါတယ်။ အဲဒီ ဝတ္ထုကို ဖတ် ဖူးသူ တိုင်း ရယ်ရလို့ ဆိုပြီး ကြိုက်ကြပါတယ်။ ကျွန်တော်လဲ ဟာသ ဈာန် တစ်ခု ထပ်မြင့်သွားသလို ခံစားရပါတယ်။

အဲဒါကိုမှ ဝကြီးမိန်းမက အဲဒီ ဝတ္ထုရယ်ရလို့ ဆိုပြီး ဝကြီးကို ကွာ မယ်လုပ်ပါတော့တယ်။

စဉ်းစားကြည့်ပါဗျာ။ ကျွန်တော့်ဖက်က

ဟာသဝတ္ထုရေးလို့ မှ မရယ်ရဘူးဆို ဘယ်လိုလုပ်မလဲ။ ရယ် ရဖို့ အရေးကြီးတာပေါ့။ အခု အဲဒီ ဟာသဝတ္ထုက ရယ်ရလို့ လင်မယား ကွဲကြ ကွာကြမတဲ့ ။ ကျွန်တော်က ဘယ်လိုလုပ်ပေးရမလဲ။

ကိုယ်လဲ ဝင်ညှိပေးလို့ ရတဲ့ အလုပ်မဟုတ်။

မတတ်သာတဲ့ အဆုံးတော့ သူတို့ လင်မယားကွဲကြကွာကြတဲ့ အကြောင်းကိုပဲ မျက်ရည်တဝိုင်းဝိုင်းနဲ့ ဝတ္ထုတစ်ပုဒ် ပြန်ရေးလိုက်ပါ တယ်။

''တစ်ရှက်၊ အရှက်မရှိ''

ဒီဝတ္ထုတွေကိုဖတ်ပြီး

''အဲဒီ မိသားစုက တကယ်ရှိတာလားဟင်''

လို့ မေးကောင်းမေးပါလိမ့်မယ်။

အဲဒီ မေးခွန်းကို ကျွန်တော်က

''တကယ်ရှိပါတယ်''

လို့ လဲ မဖြေချင်ပါဘူး။

''တကယ်မရှိပါဘူး''

လို့ လဲ မငြင်းချင်ပါဘူး။

''လိပ်စာပေးလိုက်ပ့ါမယ်၊ ကိုယ့်ဘာသာကိုယ် သွားကြည့် ကြပါ''

ပြီးမှ ဟုတ်မဟုတ်ဆုံးဖြတ်ပါ။

ကဲ ဝတ္ထုလေးကို စလိုက်ကြစို့ရဲ့ ။

*

''ရှင့်ကို ကျွန်မ တန်ရာတန်ကြေးပေးပြီး ကွာမယ်''

''ဟင်''

နိုင်ငံခြားပြန်ဇနီးမယား ဂယောင်ကလေးရဲ့ မဆီမဆိုင် စကားကြား တော့ ဝကြီးကြောင်ကရော့ ဖြစ်သွား၏ ။ နံဘေးနားမှာ တော့ ဝကြီးရဲ့ မိန်းမအစ်မ လွန်းဌေးဌေး(ဈေးတက္ကသိုလ်)ဘုတ်ထိုင်း ကြီးက မရှိသော မုတ်ဆိတ်ကိုသပ်ရင်း သူ့ရှေ့၌ ချထားသော ကြွပ်ကြွပ် အိတ်အစုံဖြင့် စီရီ ထားသော မုန့်ပြားသလက်၊ မုန့်လက်ကောက်၊ မုန့် ကြာစေ့၊ မုန့်လက် ညှိုး၊ ဓါးယို၊ ငွေးသီးပေါင်း စသော စသော မုန့်ထုပ် များကိုကြည့်ရင်း ဘ ယ်ဟာအရင်နှိုက်စားရပ့ါ အတွေးနှင့် တဟင်း ဟင်းနှင့် ရယ်နေလေသ ည် ။

ဤ၌တွင် လွန်းဌေးဌေး၏ စရိုက်ကိုသိအောင် အနည်းငယ် တင်ပြရပါ ဦးမည်။

ဝကြီး၏ ယောက္ခမ၊ သူတို့ ၏ အမေ ဆုံးကာနီး ပက်လက်အနေ အ ထား၌ ပင် လွန်းဌေးဌေးတစ်ယောက် ပြင်ပအလုပ်ရသွား၏ ။ ဝကြီး က

မေးကြည့်သည် ။

''နင် ဘာအလုပ်ရသွားတာလဲ''

''NGO''

''ဟင်''

ဝကြီး အံ့အားသင့်သွားသည် ။ အင်္ဂလိပ်အခေါ်အဝေါ်မို့ ရုတ်တရက် မသဲကွဲ။ ထို့ကြောင့်

''NGO ဆိုတာ''

''မေတ္တာနှင့်ကယ်ဆယ်ရေးအဖွဲ့''

ဝကြီး မျက်မှောင်ကြုတ်သွား၏ ။

''ဘယ်လိုလူမျိုးတွေကို ကူညီကယ်ဆယ်တာလဲ''

လွန်းဌေးဌေးရင်ကော့ပြီး

''နာမကျန်းဖြစ်သူတွေနဲ့ ခိုကိုးရာမဲ့ကလေးတွေကို ဟင်း ဟင်း ကုသိုလ်ဖြစ်ပေ့ါ၊ ဟင်းဟင်း''

''ဟင်''

ထိုတော့မှ ဝကြီး အိပ်ရာထဲ ပက်လက်လဲနေသော သူ့ ယောက္ခမ အဘွားကြီးတစ်လှည့်၊ နိုင်ငံခြားသွားတော့မည့် မိခင်မဲ့တော့ မည့် သူ၏ သမီးငယ်နှင့်သားငယ်တို့ ကိုကြည့်ပြီး

''ဟင် ဂန်းမ၊ နင့်အမေက အိပ်ရာထဲမှာ ပက်လက်၊ ဟိုမှာ အရွယ်မရောက်သေးတဲ့ နင့်တူမနဲ့ နင့်တူက နင့်ညီမနိုင်ငံခြားသွားရင် ငါလဲအလုပ်တွေလုပ်နေရရင် မိဘမဲ့တော့မယ်၊ အဲဒါကိုမှ မကူညီ မကယ်ဆယ်ဘဲ ဘယ်မအေ့လင်တွေကို သွားကူညီကယ်ဆယ်ဦးမှာ လဲ''

ဝကြီးစကားကို လွန်းဋ္ဌေးဋ္ဌေးက ခပ်တည်တည်ပင်

''အို ဒါတွေက လူလဲမမြင်ဘူး၊ လခလဲမရဘူး၊ ဟိုမှာ က လူလဲ မြင်တယ်၊ လခလဲရတယ်''

ဤသို့လွန်းဋ္ဌေးဋ္ဌေးပင်။ သူ့ခမျာ မာသာထရီဇာကို အားကျ ပြီး ခန္ဓာကိုယ်က ဘုတ်အီးခန္ဓာမို့ သူ့ကိုယ်သူ မားသားဘုတ်ဟု ပင် အမည်ပေးထားသေး၏ ။

ဤကား လွန်းဋ္ဌေးဋ္ဌေး၏ သရုပ်ပင်။

ဝကြီးလဲ စဉ်းစားသည် ။ မြန်မာပြည်မှာ ဘာမှ သုံးမရ၍ နိုင် ငံခြားလွှတ်လိုက်ပြီး ယခုတစ်ခေါက်၊ အိမ်ပြန်ရောက်လေမှ ၊ အိမ်မှု ကိစ္စ ဘာမှ တာဝန်မယူခင် ဤစကား စကြားရခြင်း ဖြစ်၏ ။

ဝကြီး မျက်မှောင်ကြုတ်သွား၏ ။ သူ့မိန်းမအကြောင်းလဲ သူ သိသည် ။

''ဒီလိုမိန်းမမျိုး ဘယ်တုန်းကမှ ပိုက်ဆံလက်ထဲထားလို့ ရလို့ လဲ''

ယခုတစ်ခေါက် ဂျပန်မှ ပြန်လာမှ ထိုစကားကြားရ၍ ဝကြီး အံ့အားသင့်နေ၏ ။ ဟိုတစ်ခေါက်ပြန်လာတုန်းကပင် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နှစ်ရာတန်အစုတ်တစ်ရွက်သာ ပါလာသည် ပဲ။ ထို့ ကြောင့်

''နေပါဦး၊ နင်က လျှော်ကြေးပေးပြီး ငါ့ကိုကွာမယ်ဆိုတော့ ဂျပန်က ပြန် လာပြီး နင့်မှာ ဘယ်နှပြားပါလာလို့ လဲ''

''တစ်ပြား အဲ ပါတယ်၊ ပါတယ်၊ ပါတယ်လို့ ပြောရင်ပါတယ်၊ ဒါပဲ၊ ရှင့်ကို ကျွန်မ လျှော်ပြီးကွာမယ်၊ ဒါပဲ''

သူဇာကြီးစကားကြားတော့ ဝကြီးတင်းသွားသည် ။

''စကားကြီးစကားကျယ်တွေ လျှောက်ပြောမနေနဲ့ ၊ အဲဒီ တစ် ပြား တောင် ကပ်ပါနေလို့ ပြန်ပါလာတာ မဟုတ်လား၊ အဲလိုမှ မဟုတ် ရင် ဟိုမှာ တင်ပေါင်ခဲ့ပြီး ရှူးတောင် သူများ ဆီက ငှားပေါက်ရမယ့် အမျိုး ကများ ''

သူဇာမျက်ခွက်မာသွားသည် ။

''ကိုဝကြီး ရှင် မဆိုင်တာတွေ လျှောက်မပြောနဲ့ ၊ ကျွန်မတို့ အမျိုးကို ရှင်စော်ကားပေါင်းများ ပြီနော်''

''စော်ကားတာ မဟုတ်ဘူး လေ၊ နင်တို့ အမျိုးက အဖြစ်မှန် ပြောရင် တောင် စော်ကားသလို ဖြစ်နေတဲ့ ဟာကို အနေအထိုင်ဆင် ခြင်ပေါ့''

''မလိုချင်ဘူး၊ ရှင်နဲ့ ကျွန်မ ကွာမှ ကိုဖြစ်မယ်''

ဝကြီးစိတ်ရှုပ်စွာဖြင့်

''ကွာချင်ကွာဟာ''

သူတို့ စကားကို နံဘေးနားက ဂယောင်အကြီးစား မားသား ဘုတ် ခေါ် လွန်းဌေးဌေးမှ မုန့်လက်ညှိုးနှင့်ဂွေးသီးသုပ်ပေါင်းစုပ်ကာ

''ကောင်းတယ်၊ ကောင်းတယ်၊ ကွာလိုက်၊ ဒါမှ တို့ အမျိုးစစ် စစ်''

ဝကြီး ဘာမှ မပြောတော့။ မှန်ပေသည် ။ သူဇာတို့ အမေ ဆုံး ပါး သွားပြီဖြစ်သော အမ်းမကြီးပင် သူ့အဖေ၏ ဒုတိယမယားလား၊ တတိယ မယားလားမသိ။

*